# အစိုးရဆိုတာ လွှတ်တော်ကို အခြေခံထားရတာဖြစ်လို့ ဘာလုပ်လုပ် ဖွဲ့စည်းပုံအခြေခံဥပဒေအရပဲ လုပ်ပါ။

အစိုးရပိုင်လို့ အတင်း နာမည်တပ်တာကိုက အစိုးရက ပြည်သူတွေကို အနိုင်ကျင့်တာ ဖြစ်တယ်။

ဒါတွေက နိုင်ငံပိုင်၊ ပြည်သူပိုင်တွေ ဖြစ်တယ်။ အစိုးရပိုင်တာ မဟုတ်ဘူး။ အကြမ်းဖျဉ်းဆိုရင် အစိုးရဆိုတာ ခု ဖွဲ့စည်းပုံအရ ၅ နှစ် တကြိမ် ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အနိုင်ရ ပါတီက ဖွဲ့စည်းလိုက်တဲ့ အုပ်စုပဲ။ ဒါကြောင့် သူတို့က ကြိုက်သလို ပိုင်ဆိုင်ခွင့် လုပ်ပိုင်ခွင့် ပေးလို့ မဖြစ်ဘူး။

ဒီလိုသာ နိုင်ငံပိုင်၊ ပြည်သူပိုင် အဆောက်အဦတွေကို အာဏာရပါတီရဲ့ အစိုးရက အလိုအလျောက် ပိုင်ကြေးဆိုရင် အခုရော၊ နောက်နောင် အစိုးရသစ် တက်လာတိုင်းရော ပြဿနာတွေက ရှုပ်ထွေး ကြီးထွားလာမှာ ဖြစ်တယ်။

ဥပမာ- ဗုဒ္ဓဘာသာ မဟုတ်တဲ့ ဘာသာရေး အစွန်းရောက် နိုင်ငံရေးပါတီက အာဏာရပြီး အစိုးရ ဖြစ်လာမယ် ဆိုပါတော့။ ဒါဆိုရင် တနိုင်ငံလုံးမှာ ရှိတဲ့ ဗုဒ္ဓဘာသာ ဘုရား ပုထိုး ကျောင်းကန်၊ ဇရပ်တွေအားလုံး အစိုးရပိုင်ဖြစ်သွားပြီး ဖျက်ဆီးခံရမှာပေါ့။

လတ်တလော ငွေရဖို့တခုတည်းကိုသာ မကြည့်ပါနဲ့။ ရေရှည် တိုင်းပြည်တည်တံ့ကောင်းစားရေးကိုသာ ကြည့်ပါ။ ဒါဟာ လူထုဆန္ဒအစစ်အမှန်လို့ ကျနော် ယုံကြည်ပါတယ်။

နိုင်ငံပိုင်၊ ပြည်သူပိုင် အဆောက်အဦတွေကို အစိုးရက သုံးချင်ရင် ဖြစ်သင့်တာက ခုလောလောဆယ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဌာန်းအတည်ပြုထားတာ မရှိသေးလို့ ဥပဒေနဲ့အညီဖြစ်အောင် လွှတ်တော်ကို ခွင့်တောင်းရမယ်။ ဥပဒေ ပြဌာန်းထားတာ မရှိသေးဘဲ အစိုးရသဘောနဲ့ စိတ်ကြိုက် လုပ်နေရင် ဒါဟာ ဥပဒေမဲ့ လုပ်ရပ် ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် ဥပဒေသစ်ကို စောင့်ပါ။ လွှတ်တော်က အတည်ပြုတာကို စောင့်ပါ။ လူထုသဘောတူတာကို စောင့်ပါ။

လွှတ်တော်ဆိုတာ လူထုဆန္ဒအရ ဥပဒေပြုရမှာဖြစ်လို့ ဥပဒေအဖြစ် အတည်ပြုရင် ယေဘူယျအားဖြင့် လူထုက လက်ခံတဲ့သဘော သက်ရောက်တယ်။

နောက်တချက်က သမိုင်း အမွေအနှစ်ကို တန်ဖိုးထား ဆုံးဖြတ်ပေးနေတဲ့ ပညာရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးတို့နဲ့ ကင်းလွတ်တဲ့ နိုင်ငံပိုင် အဆောက်အဦဟောင်းတွေ၊ အားကစားကွင်း မဟုတ်တဲ့နေရာတွေကိုသာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သုံးဖို့ စဉ်းစားပါ။

နောက်ဆုံး လွှတ်တော်က သဘောတူသည့်တိုင်အောင် လူထုဆန္ဒ မဟုတ်သေးဘူးဆိုရင် ပြည်သူ့ဆန္ဒ ခံယူပွဲ ကျင်းပပြီး စိန်ခေါ်လိုက်ပါ။

ဒီလိုမျိုးတွေ လုပ်နိုင်မှ နိုင်ငံနဲ့ပြည်သူကို လေးစားချစ်ခင် တန်ဖိုးထားတဲ့ အစိုးရ၊ ပြည်သူက ယုံကြည် အားကိုးတဲ့ အစိုးရ ဖြစ်လာနိုင်ပါမယ်။

နိုင်ငံရေးပါတီတွေမှာလည်း တာဝန်ကြီးကြီးမားမား ရှိနေပြီ ဆိုတာကို ဒီနေရာကနေ အသိပေးလိုက်ပါတယ်။

လွင်အောင်စိုး
၁၈-၁၀-၂၀၁၁

# လှိုင်တက္ကသိုလ်နယ်မြေမှ ဒူးယားနှင့် ပုပ္ပားဆောင်ကို ဟိုတယ်အဖြစ် အသွင်ပြောင်းရန် လေ့လာနေ

ပြည်ပဧည့်သည်ဝင်ရောက်မှုများပြားလာမည်ဟု မျှော်လင့်ရသောကြောင့် လှိုင်တက္ကသိုလ်နယ်မြေရှိ ဒူးယားနှင့်ပုပ္ပားဆောင် အပါအဝင် အစိုးရပိုင်အဆောက်အအုံ ရှစ်နေရာအား ဟိုတယ်များအဖြစ် အသွင်ပြောင်းနိုင်ရန် လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း ရန်ကုန် ဟိုတယ်ဇုန်မှ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာလ ပထမပတ်က ပြောကြားသည်။

ယခုဟိုတယ်အဖြစ် ပြုလုပ်ရန် လေ့လာနေသည့် နေရာရှစ်ခုမှာ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ဝန်ကြီးဌာနသုံးခု ပူးပေါင်းရုံးစိုက်ခဲ့သော အဆောက်အအုံ၊ ၄၇ လမ်းရှိ City Mart ရှိရာ အဆောက်အအုံ၊ ကုန်သည်လမ်းနှင့် ဗန္ဓုလပန်းခြံလမ်းထောင့်ရှိ လေးထပ်အဆောက်အအုံ၊ လမ်း ၃၀ ဆေးခန်းရှိသည့် အဆောက်အအုံ၊ ပုဇွန်တောင်လမ်းမပေါ်ရှိ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၊ ဒဂုံမြို့နယ် အလုံလမ်းရှိ ဆယ်ထပ်အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေရှိ ဒူယားဆောင်နှင့် ပုပ္ပားဆောင်တို့ဖြစ်ကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယင်းကဲ့သို့ လေ့လာခြင်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနတို့နှင့် ရန်ကုန်ဟိုတယ်ဇုန်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၎င်းကဆိုသည်။

လတ်တလောကာလတွင် ဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြတောင်းခံဆဲ အဆင့်တွင်ပင် ရှိနေသေးပြီး ယင်းတင်ပြချက်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ခံချက်၊ ကန့်ကွက်ချက်များ စိစစ်ပေးပို့ရဦးမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပလုပ်ငန်းရှင်များ နှစ်မျိုးလုံးကို ရင်းနှီးမြှုပ်နှံခွင့်ပြုစေရန် တစ်ပါတည်း တင်ပြတောင်းခံထားကြောင်း၊ ထို့အပြင်မှန်ကန်ပြီး အဆင့်မီသော ရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာပါက ရေရှည်ကောင်းမွန်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အထက်ပါလေ့လာနေဆဲ နေရာများမှာ အကွက်အကွင်းကောင်းသောနေရာများဖြစ်နေသောကြောင့် ဟိုတယ်လုပ်ငန်း လုပ်ကိုင်လိုသူများလုပ်ကိုင်လိုကြမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ယှဉ်ပြိုင်ရမည့်အနေအထားတွင် ရှိနေကြောင်း၊ ထို့ကြောင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းလုပ်နေသူများ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပရင်းနှီးမြှုပ်နှံမှုကို ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

*နိုင်လင်း၊ မေဇင်ဝင်း*

မြန်မာကျူပစ် ဖိုရမ် မှ